# Women’s Peace Network

## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ကြေညာချက် | မတ်လ ၈ရက်၊ ၂၀၂၂ခုနှစ်။

ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တွင် မိမိတို့ Women’s Peace Network အနေဖြင့် အမျိုးသမီးအခွင့်အရေးအတွက် ရပ်တည်လျက် တန်းတူညီမျှမှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှုနှင့် လွတ်လပ်မှုတို့အတွက် တိုက်ပွဲဝင်နေသော အမျိုးသမီးများအားလုံးကို လေးစားဂုဏ်ယူပါကြောင်း လေးနက်စွာ ဖော်ပြအပ်ပါသည်။ ပိုမိုတရားမျှတသော ကမ္ဘာသစ်တစ်ခု ဖြစ်ပေါ်လာရေးအတွက် ဤအမျိုးသမီးများသည် မိမိတို့ လူ့အဖွဲ့အစည်းအတွင်း အမြစ်တွယ်လျက်ရှိသည့် ဖိုကြီးစိုးရေးဝါဒ နှင့် ဖိနှိပ်မှုဝါဒကို အပြီးတိုင်ဖယ်ရှားနိုင်ရေးအတွက် မိမိတို့၏ အသက်ကိုပင်ရင်းလျက် လှုပ်ရှားဆောင်ရွက်လျက် ရှိသည်။ ဤနေ့သည် ၎င်းတို့ကို အောက်မေ့ရန်နှင့် ၎င်းတို့၏ လှုပ်ရှားမှုအမွေအကြောင်း သတိပေးရမည့် နေ့ဖြစ်ပါသည်။

မြန်မာစစ်တပ်သည် ရွေးကောက်ခံအစိုးရကို ဖယ်ရှား၍ ပြည်သူများအပေါ် ဆယ်စုနှစ်များစွာကြာ ၎င်းတို့ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်မှုများကိုလည်း ပိုမိုပြင်းထန်စွာ လုပ်ဆောင်လာခဲ့သည်မှာ ယနေ့ဆိုလျှင် တစ်နှစ်ကျော်လာခဲ့ပြီ ဖြစ်သည်။ အာဏာသိမ်းစစ်တပ်ကြောင့် အမျိုးသမီး ၉၀ကျော် ကျဆုံးခြင်း၊ အနည်းဆုံး ၁၆၀၀ကျော် ဖမ်းဆီးခံရခြင်း နှင့် သိန်းနှင့်ချီကာ အဓမ္မရွှေ့ပြောင်းခံရခြင်းများ ကြုံတွေ့ခဲ့ရသော်လည်း မိမိတို့သည် ပြည့်ဝစွာတရားမျှတမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အတွက် မိမိတို့၏ အသက်ကိုရင်းကာ ဆက်လက်လုပ်ဆောင်လျက်ရှိကြသည်။

မြန်မာစစ်တပ်သည် တိုင်းရင်းသားဒေသတစ်ဝှမ်းလုံးတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပုံစံမျိုးစုံကို ဆိုးဝါးစွာကျူးလွန်ခြင်းအပါအဝင် ရက်စက်ကြမ်းကြုတ်သည့် အစုလိုက်အပြုံလိုက်သတ်ခြင်းများကို မျိုးဆက်နှင့်ချီအောင် ကျူးလွန်လျက်ရှိပြီး မိမိတို့တိုင်းရင်းသားလူနည်းစုများအပေါ် မုန်းတီးအညှိုးအတေးထားနေသည်ကို ကောင်းစွာသိရှိထားပါသည်။ မြန်မာစစ်တပ်သည် ရိုဟင်ဂျာများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်ခြင်းနှင့်အတူ နိုင်ငံတစ်ဝှမ်းရှိ ဒေသခံတိုင်းရင်းသားလူနည်းစုများကို ဖျောက်ဖျက်ရန်အတွက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို စစ်လက်နက်သဖွယ် စနစ်တကျ

အသုံးချနေပါသည်။ အဆိုပါ ဆိုးဝါးသည့် ရာဇဝတ်မှုများကို ကျူးလွန်ခံခဲ့ရသူများသည် တရားမျှတမှုကို ယနေ့တိုင် စောင့်ဆိုင်းလျက် ရှိကြသည်။

မိမိတို့အား နှိမ့်ချအသုံးချခံအဖြစ် ယူဆသော ဤဖိုဝါဒကြီးစိုးသည့်အစိုးရကို ရင်ဆိုင်ရန်အတွက် မိမိတို့သည် တတ်စွမ်းသမျှကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ မြန်မာပြည်တွင်းနှင့်ပြည်ပအင်အားစုများသည် မိမိတို့၏ စုပေါင်းအနာဂတ်အားဖြင့် မတရားမှုကျူးလွန်သူမှန်သမျှကို တာဝန်ခံစေရေး ဆောင်ရွက်နိုင်မည့် အားလုံးပါဝင်သည့်ဒီမိုကရေစီစနစ်ပေါ်ထွန်းလာမည်ကို ကောင်းစွာသိရှိပါသည်။

ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တွင် ဤရဲရင့်သည့် အမျိုးသမီးများကို ယနေ့သာမက နေ့တိုင်းအောက်မေ့သတိရရန် တောင်းဆိုပါသည်။ Women's Peace Network သည် မြန်မာစစ်တပ်အား ၎င်းတို့ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအပေါ် တာဝန်ခံစေရေး ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးများနှင့်အတူ ရပ်တည်တိုက်ပွဲလျက်ရှိပါသည်။ ဤတရားမျှတမှုကို ဖော်ဆောင်ပြီးလျှင် မိမိတို့၏အောင်ပွဲကို ဆင်နွှဲမည်ဖြစ်သည်။ ထိုအချိန်ထိတိုင်အောင် မိမိတို့နှင့်အတူ လက်တွဲတိုက်ပွဲဝင်ရင် မိတ်ဆွေများအားတောင်းဆိုပါသည်။ မိမိတို့အားလုံးအတူတကွ မလွတ်လပ်သေးသရွေ့ မိမိတို့တစ်ဦးမှ မလွတ်လပ်သေးပါ။